www.burmeseclassic.com

# ဘဝသံသရာ

မောင်ကြည်လင်

ဆောင်းဦး၏ မှောင်မည်းသော ညတစ်ညဖြစ်လေသည်။

ဘဏ်သူဌေး ဦးသော်ကသည် သူ၏စာကြည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သူသည် အိုမင်းလှချေပြီ။ ပျိုမြစ်သော နှစ်များသည် ကုန်လွန်ခဲ့ကြပြီ။ ဇရာတရား ဖိစီးခြင်းပင် ခံယူနေရပြီဖြစ်ရာ မရဏတရား၏ အကျဉ်းသမားအဖြစ်ခံယူရမည့် အချိန်သည်လည်း ဆိုက်ရောက်ရတော့မည်။

သူသည် လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်ခန့်က သူ တက်ရောက်ခဲ့သော ဆွေးနွေးပွဲတစ်ခု၏အကြောင်းကို တရေးရေး မြင်ယောင်နေလေသည်။ လူ့ဘဝ၏ အမှတ်သညာဖြစ်သော တစ်ဆယ့်ငါးနှစ်သည် သည်လိုနှင့်ပင် ကုန်လွန်ခဲ့ပေသည်တကား။

ထိုဆွေးနွေးပွဲတွင် ပညာတတ်များ၊ ဆရာဝန်များ၊ ကျိုးကြောင်းဆင်ခြင်မှု အဘိဓမ္မာသမားများ၊ စာရေးဆရာများနှင့် ဘာသာရေးအဖွဲ့များမှ ပုဂ္ဂိုလ်များပင် တက်ရောက်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲ၌ လူ့ကျင့်ဝတ်နှင့် လောကဆိုင်ရာ ယဉ်ကျေးမှုတရားများအကြောင်းများကိုလည်း ဆွေးနွေးကြသည်။ ထိုအထဲတွင် သေဒဏ်အပြစ်ပေးခြင်းနှင့်ပတ်သက်သော အကြောင်းများကို ရောက်သွားကြပြန်သည်။ ဧည့်သည်များထဲတွင် စစ်ဘက်နှင့် တရားဌာနပုဂ္ဂိုလ်များမှအပ အားလုံးလိုလိုပင် သေဒဏ်ပေးခြင်းကို မကြိုက်နှစ်သက်ကြချေ။

သေဒဏ်ပေးခြင်း စနစ်သည် အသုံးမပြုထိုက်သော အပြစ်ဒဏ်ပေးခြင်း စနစ်တစ်ရပ်ဖြစ်၍ လူမှုကျင့်ဝတ်နှင့် မညီညွတ်ဟု ယူဆကြလေသည်။ ဧည့်သည်တချို့က သေဒဏ်ပေးခြင်းစနစ်အားလုံးကို တစ်ညီတစ်ညာတည်း ဖျက်သိမ်း၍ ထောင်ဒဏ်တစ်သက်ပေးခြင်းစနစ်ကိုပင် အသုံးပြုသင့်သည်ဟု ပြောကြပြန်လေသည်။

"သည်အချက်ကို သဘောမတူနိုင်ပါ"ဟု ဧည့်သည်တစ်ယောက်ပြောလေသည်။ "ကျွန်တော်ကိုယ်တိုင်တော့ ထောင်ဒဏ်တစ်သက်ရော ငွေကြေးဒဏ်ဆောင်ရတဲ့ အပြစ်ဒဏ်ရော မကြိုက်ပါဘူး၊ သို့ပေမဲ့ သေဒဏ်အပြစ်ပေးတဲ့ စနစ်က ထောင်ဒဏ်တစ်သက်ပေးတဲ့ စနစ်ထက်တော့ ပိုပြီး တရားနည်းလမ်း ကျပါတယ်။ စက်တိုင်မှာ ကြိုးပေးတာက ရုတ်တရက် ဖြုတ်ခနဲသတ်ပစ်ခြင်းပဲ၊ ထောင်ဒဏ်တစ်သက်ဆိုတာကတော့ တဖြည်းဖြည်း ညှဉ်းသတ်တာပါပဲ၊ စက္ကန့်အနည်းငယ်မှာ ရုတ်တရက် ခင်ဗျားကို သေစေတဲ့ သူနဲ့ တဖြည်းဖြည်းညှင်းပြီး သေစေတာ ဘယ်သူကပိုပြီး သနားကြင်နာတယ်လို့ ခေါ်ရမလဲ"ဟု သူက မေးခွန်းထုတ်လေသည်။

အခြားဧည့်သည်တစ်ယောက်ကမူ "စနစ်နှစ်ခုစလုံးသည် မတရား။ ရည်ရွယ်ချက်မှာ လူတစ်ယောက်၏ ဘဝကို ဆုံးရှုံးစေရန်ချည်း ဖြစ်ကြသည်"ဟု ပြောလေသည်။

ထိုအထဲတွင် ဧည့်သည် လူရွယ်တစ်ယောက်သည် ဆိတ်ငြိမ်စွာ နားထောင်နေလေသည်။ သူသည် အသက်သုံးဆယ်ကျော်ခန့်ပင် ရှိသေးသည်။ သူ့အမူအရာအား ခပ်ငေးငေးရှိလှသည်။ သွေ့ခြောက်သော ဆံပင်များသည်

www.burmeseclassic.com



ထောင်၍နေကြသည်။ သူ့မျက်လုံးကား ရိပ်ငြိမ်၍နက်နဲသည်။ ရင့်ကျက်သော သူ့မျက်လုံးများသည် အချစ်တရားနှင့် အမုန်းတရား လုံးလုံးလျားလျား မရှိသည့်ပမာ မလှုပ်မယှက်ငေး၍သာ နေကြသည်။

သူ့မျက်နှာကိုကြည့်ရသည်မှာ လဟာပြင်ကို ကြည့်ရသလို ဘာမှအဓိပ္ပာယ်မပေါ်၊ သွေ့ခြောက်ခြောက် ရှိလှသည်။ သူသည် စာရေးဆရာကြီးတစ်ဦး ဖြစ်လေသည်။ သူသည် လောကကို ကြေးမုံသဖွယ်ကြည့်ပြီးစာရေးသည်။ လောကကြေးမုံရိပ်တွင် ထင်လာသမျှ ပုပုရွရွမြင်သမျှ လူတို့၏လှုပ်ရှားမှု အချစ်-အလွမ်း-ဒေါသ-မာန-အဝိဇ္ဇာ ဆဲသံ-ရယ်သံ-ငိုသံ-တေးသီသံ-အနိဋ္ဌာရုံ၊ လက္ခဏာရေးတရားနှင့် ဣဋ္ဌာရုံတရား အစရှိသည်ကို သူက ဝင်စားပြီး စာရေးလေသည်။ သည်လောကဆိုင်ရာ တရားများ၏ အဆုံးကို သူ့စာထဲတွင် လေ့လာသည်။ ပုပုရွရွ မြင်သမျှ လူတို့၏ လူ့ဘဝဆိပ်ကမ်းအဆုံးကို ရှာကြည့်လေသည်။

သူ့နာမည်မှာ ကိုလွမ်းဝေဖြစ်သည်။ စာရေးဆရာ ကိုလွမ်းဝေသည် သံသရာ၏အဆုံးကို စမ်းသပ်ရှာဖွေနေသူဖြစ်လေသည်။ ဘဝ၏ အဆုံးစွန်လားရာ ဘဝဘယ်အရပ်မှာရှိသည်ကို သူ၏အဘိဓမ္မာဉာဏ် အမြင်ဖြင့် ဆင်ခြင်လေသည်။ ဘဝသံသရာ၏နောက်ဆုံး သစ္စာတရားသည် မရဏာသဘောမျှသာ ဖြစ်သည်ဆိုသော အဘိဓမ္မာရေးအဓိပ္ပာယ်ကို နက်နဲစွာ လေ့လာနေပေသည်။

ဧည့်သည်တစ်ယောက်က သူ့ကို အပြစ်ဒဏ်စီရင်ခြင်းနှင့်ပတ်သက်၍ မည်သည့်အပြစ်ဒဏ်ပေးခြင်း စနစ်သည် အသက်ညှာဆုံးနှင့် အသင့်လျော်ဆုံး ဖြစ်မည်ကို ထင်မြင်ချက်တောင်းလေသည်။

သူသည် ပြုံးလိုက်သည်။ သူ့အပြုံးမှာ နက်နဲသိမ်မွေ့လှသည်။ ဉာဏ်အဆင်အခြင်ကို ခေါ်ယူသော ထက်သန်သည့် အပြုံးပင်ဖြစ်သည်။ ကိုလွမ်းဝေသည် မျက်လွှာကိုချပြီး အေးဆေးတည်ငြိမ်သော အသံဖြင့် "ကျွန်တော့်သဘောအရဆိုရင် သေဒဏ်ပေးခြင်းနဲ့ ထောင်ဒဏ်တစ်သက်အပြစ်ပေးခြင်းစနစ် နှစ်ခုစလုံးပဲ လူတို့ရဲ့ ယဉ်ကျေးမှုအစဉ်အလာတရားများနှင့် ကြည့်လျှင် ကြမ်းကြုတ်လှပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ဒီနှစ်ခုအနက် တစ်ခုကို အရွေးခိုင်းရင်တော့ ထောင်ဒဏ်တစ်သက်ဆိုတဲ့ ဒုတိယအပြစ်ဒဏ်မျိုးကို ရွေးချယ်မှာပဲ၊ တစ်နည်းနည်းနဲ့ လောကမှာ အသက်ရှင်နေခွင့်ဟာ မြေကြီးသြဇာဘဝအဖြစ် မြေကြီးထဲမှာ ခေါင်းချပြီး ဆွေးမြည့်နေရတာထက်တော့ ပိုကောင်းပါလိမ့်မယ်"

သူသည် စကားကို အဆုံးသတ်ပြီးလျှင် နှုတ်ခမ်းကို ကိုက်ကာငေးနေလေသည်။

ဆွေးနွေးပွဲတစ်ခုလုံးသည် ဤပြဿနာကို အခြေခံမှစပြီး အသေးစိတ်ဆွေးနွေးကြကာ လှုပ်ရှားစပြုလာသည်။ ပြင်းထန်သော အငြင်းအခုံဖြစ်လာသည်။ ဘဏ်သူဌေးလေး ကိုသော်ကသည် အမွေအနှစ် ရစလည်းဖြစ်၊ တက်ကြွသောလူငယ်လည်းဖြစ်ရာ သူက စိတ်လိုက်မာန်ပါနှင့် ကိုလွမ်းဝေအယူအဆကို ခေါင်းမာစွာ ငြင်းလေသည်။ အစတွင်မူ စိတ်လိုက်မာန်ပါ ဖြစ်ရုံမျှသာပင်ဖြစ်သော်လည်း တဖြည်းဖြည်းသူသည် မခံချင်စိတ်နှင့် စိတ်ဆိုးလာတော့သည်။ ကိုသော်ကမျက်နှာသည် နီ၍နေလေသည်။ နဖူးမှာလည်း ချွေးများစို့လာလျှက်ရှိသည်။ သူသည် ကိုလွမ်းဝေကို ဒေါသဖြစ်လျက် ရှိလေသည်။

"မှသားမပြောပါနဲ့ ကိုလွမ်းဝေ၊ ကျုပ် ခင်ဗျားကို ငွေနှစ်သိန်းပေးမယ်၊ ခင်ဗျားအခန်းကျဉ်းမှာငါးနှစ်နေမလား"

ကိုသော်ကသည် အော်၍ပြောလေသည်။ သူ့အသံမှာ စူးရှလှသည်။ တစ်ကိုယ်လုံးလည်း တုန်နေသည်။

ကိုလွမ်းဝေသည် သူ့အားဆိတ်ငြိမ်စွာပင် ပြန်ကြည့်သည်။ သူကမူ တည်ငြိမ်လှသည်။ နောက် သူသည် အေးဆေးစွာ ပြုံးလိုက်ပြီး...။

"ကိုသော်က သိပ်ဒေါသမကြီးပါနဲ့လေ...၊ ကျွန်တော့်အဖို့ ငါးနှစ်မကဘူး၊ ဆယ့်ငါးနှစ်နေနိုင်ပါလိမ့်မယ်၊ ငွေနှစ်သိန်းသာ ပေးပါလေ"

"ဆယ့်ငါးနှစ်ဟုတ်လား၊ နေပါလေ ကျုပ်ငွေနှစ်သိန်းပေးပါ့မယ်"

ကိုသော်ကသည် စိတ်ထက်သန်စွာနှင့် ပြောလေသည်။

ကိုလွမ်းဝေက ခေါင်းညိတ်လိုက်သည်။ နောက်ပြီးမှ အလွန်တည်ငြိမ်သောအသံဖြင့်...

"ကိုသော်က ကျွန်တော်ကလွတ်လပ်ရေးရဲ့ လေးနက်သိမ်မွေ့တဲ့ စကားအဓိပ္ပာယ်ကို သိမြင်ခံစားတဲ့နေရာမှာ ခင်ဗျားတို့နဲ့ အခြေခံသဘောကစပြီး ကွဲလွဲနေပါလိမ့်မယ်၊ လွတ်လပ်မှုအဘိဓမ္မာကို ခွဲခြမ်းစိတ်ဖြာတဲ့အခါ မိမိရဲ့စိတ်

www.burmeseclassic.com



ကို အစိုးရသူ၊ ပိုင်ဆိုင်သူဟာ လွတ်လပ်ရေးကို ရင်ခွင်ပိုက်ထားသူလို့ ယူဆနေပါတယ်။ ဒီတော့ ကျွန်တော့်ရဲ့စိတ်ကို ပိုင်ဆိုင်သရွေ့ ကျွန်တော် ထိန်းသိမ်းနိုင်သရွေ့ဖြင့် ကျွန်တော့်ကို မဟာသမုဒ္ဒရာထဲမှာ ချချင်ချ၊ တောင်စဉ်ခုနစ်ထပ်တက်ပြီး ထားလိုကထား၊ သံလှောင်ချိုင့်မှာပဲ သွင်းထားဦးတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ စကြဝဠာတစ်ခုလုံးကို မျှော်မှန်းသွားလာနိုင်တဲ့ စိတ်ရဲ့အစဉ်ကို နှောင်ကြိုး မချည်နိုင်လေဘူး ထင်ပါတယ်၊ ဒီတော့ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ကို ချုပ်ချယ်ထားပေမယ့် ကျွန်တော့်ရဲ့ စိတ်ကိုဖြင့် ဘယ်တရားကမှ မချည်နှောင်နိုင်လေတော့ လွတ်လပ်ရေးကို ဆုံးရှုံးရမယ်လို့ မမြင်ပါဘူး။ လွတ်လပ်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်ရဲ့အတွေးအခေါ်ဟာ ဘယ်၍ဘယ်မျှထိ မှန်ကန်တယ်ဆိုတာ ကျွန်တော်ကလည်း စမ်းသပ်လေ့လာချင်ပါတယ်။ ကောင်းပါပြီ ကိုသော်က ခင်ဗျားကငွေနှစ်သိန်း၊ ကျွန်တော်က ကျွန်တော့်ရဲ့လွတ်လပ်ရေး၊ အလောင်းအစားလုပ်ကြတာပေါ့နော်၊ ကျွန်တော် သဘောတူပါပြီ"

ဆွေးနွေးပွဲပြီးသောအခါ ဘဏ်သူဌေးလေး ကိုသော်ကသည် ကိုလွမ်းဝေအား ပြောင်လှောင်၍ပင် အလောင်းအစားကို ဖျက်လိုကဖျက်နိုင်ကြောင်းနှင့်၊ စဉ်းစားရန်ပြောသည်။

"နောက်မကျခင် မလွန်မီ၊ စဉ်းစားပါဦး ကိုလွမ်းဝေ ငွေနှစ်သိန်းဆိုတာ ကျွန်တော့်အတွက်ဖြင့် ဘာမှမဟုတ်ဘူး။ ခင်ဗျားအတွက် ခင်ဗျားဘဝမှာ အတောက်ပဆုံး အစိုပြေဆုံးဖြစ်တဲ့ ငယ်ငယ်ရွယ်ရွယ် သုံးလေးနှစ်ပိုင်းဟာ အကျဉ်းထောင်ထဲမှာ ကုန်ဆုံးရလိမ့်မယ်။ သုံးလေးနှစ်လို့ ပြောရတာက ခင်ဗျား သုံးလေးနှစ်ထက်ပိုပြီး မနေနိုင်မှာမြင်လို့ ပြောတာပါ။ ခင်ဗျားမမေ့ဖို့ကတော့ အပြစ်ဒဏ်ကြောင့်၊ မနေရင် မဖြစ်တဲ့ ဘဝကြောင့်နေရတာထက် သက်သက်တမင်တကာ ကိုယ့်အတတ်ကိုယ်စူးပြီး ဒုက္ခခံရတာဟာ စိတ်အဆင်းရဲဆုံးဆိုတာ သတိရဖို့ပဲ"

"ခင်ဗျား ဒီအချုပ်ခန်းထဲက ထွက်ချင်လျှင် ထွက်နိုင်တယ်ဆိုတဲ့ အသိက ခင်ဗျား အချုပ်ခန်းထဲကို မခံချင်စိတ်နဲ့ စိတ်လိုက်မာန်ပါ လာနေမိတဲ့ စိတ်ဓာတ်ကို မချိတရိညှဉ်းဆဲနှိပ်စက်နေလိမ့်မယ်။ ခင်ဗျားကို ကျွန်တော် သနားလှတယ် ကိုလွမ်းဝေ"

ဦးသော်ကသည် လွန်ခဲ့သည့် တစ်ဆယ့်ငါးနှစ်ခန့်က ကိုလွမ်းဝေအား နောက်ဆုံးပြောခဲ့သည့် စကားများကို သူ့နားဝယ် ပဲ့တင်ထပ်လျက် ရှိနေသည်။ သူသည် လမ်းလျှောက်ရင်း သူ့ကိုယ်သူလည်း အပြစ်တင်နေမိသည်။ ယခုသော်ကား အလောင်းအစားသည် တစ်ဆယ့်ငါးနှစ်စေ့တော့မည်။ ကတိအတိုင်း ကိုလွမ်းဝေကိုလည်း ငွေပေးချေရတော့မည်။ သူ ဘာကြောင့် ဒီအလောင်းအစားကို လုပ်မိပါလိမ့်ဟု နောင်တကြီးစွာရနေလေသည်။ ကိုလွမ်းဝေအဖို့ လူ့ဘဝ တစ်ဆယ့်ငါးနှစ် ဆုံးရှုံးသည်။ သူ့အဖို့မှာ ငွေနှစ်သိန်းလွှင့်ပစ်ရသလို အလဟဿဆုံးရှုံးသည်။ ဒီလိုလုပ်ရုံနှင့် သေဒဏ်ပေးခြင်းနှင့် ထောင်ဒဏ်တစ်သက်ပေးခြင်းစနစ်တွင် ဘယ်စနစ်ကပို၍ မှန်ကန်သည်ဟု အဆုံးအဖြတ် ပေးနိုင်ပါမည်လား။

သူသည် တစိမ့်စိမ့် နောင်တရနေလေသည်။

အားလုံးအလကားပဲ၊ အသုံးမကျဖြစ်ပြီ။ ငါ့အဖို့ဆိုရင် မိုက်မဲပျင်းရိတဲ့ သူဌေးတစ်ယောက်ရဲ့ အလောင်းအစားတစ်ခုပဲဖြစ်တယ်။ သူ့အဖို့ဆိုရင်လည်း ငွေမက်တဲ့ လူမိုက်တစ်ယောက်အဖြစ် ရောက်နေပြီ။

သူသည် တရေးရေးနှင့် သူ့အပြစ်ကို မြင်လာကာ စိတ်နှလုံးပူပင်ကြောင့်ကြစွာ ရှိနေလေတော့သည်။

ယခုမူ မနက်ဖြန်ဆိုလျှင် တစ်ဆယ့်ငါးနှစ်စေ့တော့မည်။ ငွေနှစ်သိန်းကို ကိုလွမ်းဝေလက်သို့ အပ်ရချေတော့မည်။

သူသည် စာရေးဆရာ ကိုလွမ်းဝေနှင့် အလောင်းအစားလုပ်ကြပုံကို မြင်၍နေလေသည်။

ကိုလွမ်းဝေအဖို့ သူ့အိမ်ဝင်း၏ လက်ဝဲဘက်အစွန်းရှိ ကျဉ်းမြောင်းသော အခန်းလေးတစ်ခုတွင် နေရပေမည်။ ဘယ်ကိုမျှမသွားရ။ လူများကိုမတွေ့ရ။ လူသံသူသံကို ကြားခွင့်မရှိ၊ စာများ–သတင်းစာများ ရခွင့်မရှိစေရဟု စည်းကမ်းဆွဲထားလေသည်။

သို့ရာတွင် ကိုလွမ်းဝေအဖို့ တူရိယာတီးမှုတ်စရာဖတ်ရန်စာအုပ်များ၊ အရက်–ဆေးလိပ်များ သောက်ခွင့်ရှိပေသည်။ စာရေးသားခွင့်လည်း ရှိသည်။ သို့ရာတွင် အပြင်မှ သတင်းစာများ၊ စာများကို ဖတ်ခွင့်မရ။ အပြင်သို့ စာရေးခွင့်လည်းမရှိ။

အပြင်မှ လိုအပ်သောအရာများကို တောင်းယူရန် အပြင်နှင့် ဆက်သွယ်ခွင့်အတွက်၊ ပြတင်းပေါက်အငယ်

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ပေါက်ကို ဖောက်ပေးထားလေသည်။ တစ်ဆယ့်ငါးနှစ်စေ့ရန် ငါးမိနစ်မျှအလိုလေးပင် ကိုလွမ်းဝေသည် မချုပ်တည်းနိုင်တော့၍ အပြင်သို့ထွက်ခဲ့ပါလျှင် ငွေနှစ်သိန်း ရခွင့် မရှိနိုင်တော့ပေ။

တစ်ဆယ့်ငါးနှစ်ကာလပတ်လုံး နေရမည်ဖြစ်သော အကျဉ်းခန်းလေးသို့မဝင်မီ ကိုလွမ်းဝေမျက်နှာကို ဘဏ်သူဌေး ဦးသော်ကသည် တရေးရေး ပြန်မြင်ယောင်လေသည်။

သူသည် မရယ်မပြုံး ရင့်ကျက်သောဣန္ဒြေနှင့် ရပ်ကာနေသည်။ "လွတ်လပ်ရေးဆိုတာ ဘယ်အရပ်မှာရှာရမလဲ၊ လဟာပြင်မှာပဲလား၊ မြေကြီးအပေါ်မှာလား၊ ကောင်းကင်ဘုံပေါ်မှာလား၊ ကျွန်တော့်အဖို့ လွတ်လပ်ရေးရဲ့အဓိပ္ပာယ်ကို စမ်းသပ်ရှာဖွေဆဲပါပဲ၊ လွတ်လပ်ရေးတရားဟာ ခန္ဓာကိုယ်လွတ်လပ်မှုလား၊ စိတ်လွတ်လပ်မှုလား၊ ကျွန်တော်ဟာ သူတော်စင်လည်း မဟုတ်ပါ။ ဖြူဖြောင့်မြင့်မြတ်လှသော လူ့ကျင့်ဝတ်တရားများကို စောင့်ထိန်းနေသူ၊ လူမှုကျင့်ဝတ်ရေးသမားတစ်ယောက်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအထဲမှာနေပြီး ကျွန်တော် လောကရဲ့ သစ္စာတရားကိုဖြင့် တွေ့ရှိကောင်းပါရဲ့၊ ငွေ နှစ်သိန်းဆိုတာကလည်း မက်မောလောက်စရာလည်း ဖြစ်ပါတယ် ဦးသော်ကရယ်"

ကိုလွမ်းဝေစကားဆုံးလျှင် သူ၏ လွတ်လပ်ရေးကို ချုပ်နှောင်ထားမည့် အခန်းသို့ တည့်မတ်စွာ ဝင်သွားလေသည်။ ဦးသော်ကလည်း အပြင်မှ တံခါးကို ကြေးသော့ခလောက်ကြီးများဖြင့် ခတ်ထားလိုက်သည်။

ပထမတွင် ကိုလွမ်းဝေအခန်းမှ တူရိယာသံ ပြတ်တောင်း ပြတ်တောင်းကို လေးတွဲ့စွာ ကြားနေရလေသည်။ သူသည် တစ်ကိုယ်တည်း ပျင်းရိငြီးငွေ့မှုကို ကြောက်မက်ဖွယ်ရာ ခံစားနေရလေသည်။ အခန်းကျဉ်းလေးတွင် လှောင်ပိတ်ထားရာ ကိုလွမ်းဝေစိတ်မှာ ချုံး၍ကျသွားသည်။

နေ့–ည စန္ဒရားတီးသံကို ဦးသော်က ကြားရလေသည်။ ၄င်းနောက် ဦးသော်ကသည် ကိုလွမ်းဝေထံမှ စာအတိုလေးကို ရသည်။ သူသည် အရက်နှင့်ဆေးလိပ်ကို အလိုမရှိကြောင်းပင် ဖြစ်လေသည်။

"အရက်ဟာ စိတ်ဆန္ဒကို တက်ကြွစေတယ်။ အလိုဆန္ဒကိုလည်း ဖြစ်ပေါ်စေတယ်။ အလိုဆန္ဒဟာ အကျဉ်းသမားတစ်ယောက်ရဲ့ အကြီးဆုံးရန်သူပဲ၊ နောက်ပြီး အရက်ကောင်းကောင်းကို တစ်ယောက်တည်း အဖော်မပါဘဲ သောက်ရတာလောက် ငြီးငွေ့စရာကောင်းတာ မရှိဘူး။ ဆေးလိပ်ကတော့ ကျွန်တော့်အခန်းကို ဆေးလိပ်ငွေ့တွေနဲ့ လေကောင်းလေသန့်ကို မသန့်ရှင်းစေဘဲ ဖြစ်မယ်"

ကိုလွမ်းဝေက ဆေးလိပ်နှင့်အရက် မပို့ရန်ရေးသောစာကို ဦးသော်က ဖတ်ရလေသည်။

ပထမနှစ်တွင် ကိုလွမ်းဝေသည် သူ့ထံသို့ အချစ်ဝတ္ထုများ၊ စုံထောက်ဝတ္ထုများ၊ ဟာသဝတ္ထုများကို ပို့စေသည်။ တစ်နှစ်ကုန်သွားလေပြီ။ ဒုတိယနှစ်သို့ ရောက်လာသောအခါ စန္ဒရားသံကို ဆက်လက်၍ မကြားရတော့ပေ။ ကိုလွမ်းဝေသည် ရှေးဟောင်းစာပေများကို ပို့ရန် တောင်းလေသည်။

ဤနည်းဖြင့် ကိုလွမ်းဝေသည် စာရေးစာဖတ်နှင့် ရံခါတူရိယာတစ်လှည့်တီးရင်းနှစ်များကုန်လွန်သွားကာအကျဉ်းသမားဘဝနှင့် ပဥ္စမနှစ်မြောက်ခဲ့လေသည်။ တူရိယာသံသည် ကိုလွမ်းဝေအခန်းမှ ပြန်ကြားရလေသည်။ အရက်ကိုလည်း ပြန်တောင်းပြန်လေသည်။

ကိုလွမ်းဝေသည် စားလိုက်၊ အိပ်လိုက်၊ သောက်လိုက်နှင့် အိပ်ရာပေါ်တွင် လှဲနေလေသည်။ သူသည် သူ့ကိုယ်သူ ကျိန်ဆဲ၍ အကြီးအကျယ်စိတ်ဆိုးနေသည်။ သူသည် အမှားသို့ လိုက်လျောမိပြီဟု ထင်မိလေသည်။ လွတ်လပ်ရေးသာလျှင် သူ့စိတ်တွင် ဆုံးဖြတ်ရမလို ဖြစ်နေသည်။ သူသည် အထူးစိတ်ဆင်းရဲလျက်ရှိလှပြီ။ စာအုပ်များကို မဖတ်တော့ပေ။ တစ်ခါတစ်ရံတွင် စာအရှည်ကြီးကို ညတွင် ရေးသည်။ နံနက်တွင် ဆုတ်ဖြဲပစ်လိုက်သည်။

ခြောက်နှစ်မြောက်ခဲ့လေသည်။ ကိုလွမ်းဝေစိတ်သည် အနည်းငယ် တည်ကြည်ငြိမ်သက်လာလေသည်။

"အားလုံးဟာ လွပ်လပ်ရေးကို မျှော်မှန်းကြတယ်။ စစ်သားတွေဟာ လူအားလုံးရဲ့ လွပ်လပ်ရေးအတွက် တိုက်ခိုက်ကြတယ်။ အမှန်မှာတော့ အားလုံးဟာ သံသရာဆိုတဲ့ ထောင်ကြီးရဲ့ အကျဉ်းသမားတွေ ဖြစ်နေတယ်။ တချို့ဟာ သံယောဇဉ်၊ တဏှာ၊ သမုဒယ စတဲ့တရားတွေရဲ့ အကျဉ်းသမားတွေ ဖြစ်နေတယ်။ တချို့က စိတ်ဆန္ဒရဲ့ ကျေးကျွန်တွေ ဖြစ်နေကြတယ်။ လွပ်လပ်ရေးဟာ အမှန်တကယ် မရှိဘူး၊ ပညတ်တရားမျှသာလျှင် ဖြစ်တယ်"

သူသည် မှတ်စုစာအုပ်ငယ်တွင် 'လွပ်လပ်ရေးကို

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခံစားမှု'ဟူသော ခေါင်းစဉ်ဖြင့် စာတိုလေးကို ကောက်ရေးလေသည်။

သူ့စိတ်သည် တောက်ပြောင်သော ကြေးမုံပြင်ကဲ့သို့ ကြည်လင်လာလေသည်။ လောကကြီးကို သူသည် ကြည့်ပေသည်။ သို့ရာတွင် သူသည် ပုပုရွရွ ဆဲသံငိုသံ ရယ်သံဖြင့်စီစီညံညံနေသည့် သူများကို မရှာဖွေ။ ဒီလောကတစ်ခုလုံးသည် လက္ခဏာရေးနှင့် ချုပ်ထိန်းထားသော လောကပါလ တရားများကိုသာ တွေ့မြင်ရန်ရှာဖွေလေသည်။

သူသည် လောက၏ ပညာရေးကို ဆည်းပူးလိုလှသည်။ သူသည် ရာဇဝင်ကျမ်းများကို ပြင်းထန်စွာလေ့လာလေသည်။ သူသည်စာအုပ်များကို အပြင်းအထန် ဖတ်လေရာ ဦးသော်ကသည် သူ့အား ပေး၍ပင် မလောက်နိုင်အောင် ဖြစ်နေလေသည်။

သူသည် အုပ်တွဲပေါင်း ၆၀၀ ကျော်ကိုဖတ်ခဲ့ပြီးလေသည်။ ကိုလွမ်းဝေက သူ့ထံသို့ ဘာသာစကား ၆ မျိုးဖြင့် စာရေးလေသည်။

"ထောင်မှူးကြီး ဦးသော်က၊ ကျွန်တော်သည် ယခုဤစာကို ဘာသာ ၆ မျိုးဖြင့် ရေးသားလိုက်ပါသည်။ ကျွမ်းကျင်နားလည်သူများထံပြ၍ ဖတ်ခိုင်းပေးစေလိုပါသည်။ အကယ်၍ အမှားတစ်လုံးမျှ ကျွန်တော်ရေးသောစာတွင် မတွေ့ပါလျှင် ကျွန်တော်၏ကြိုးစားမှုသည် အောင်မြင်ကြောင်းသိသာရန် ဥယျာဉ်ထဲတွင် သေနတ်များဖောက်၍ ပေးပါရန်၊ ကျွန်တော်ကြားရပါလျှင် ကျွန်တော်ကြိုးစားမှုများ အချည်းနှီးမဖြစ်ကြောင်း သိရပါသည်။

တိုင်းပြည်အားလုံးမှ လူ့အတတ်ပညာရှင်အမျိုးမျိုးတို့သည် ဘာသာစကားအမျိုးမျိုး ပြောကြပါသည်။ သို့သော်လည်း ဘာသာစကား၏ အတတ်ပညာကား တစ်ခုတည်းပင် ဖြစ်ကြပါသည်။ အို... ဦးသော်က ဤဘာသာစကားများကို ကျွန်တော်နားလည်သဖြင့် ကျွန်တော်သည် အမတဘုံရောက်ရသူကဲ့သို့ အတိုင်းမသိ ပျော်ရွှင်နေလှပါတော့သည်"

ဦးသော်ကသည် ကိုလွမ်းဝေစာကို ဖတ်ရသောအခါ အနည်းငယ် အံ့ဩကာနေသည်။ သူသည် ကိုလွမ်းဝေ တောင်းပန်ချက်အရ စာကိုယူဆောင်သွားပြီး ပြသသည်။ အများမပါသဖြင့် ဥယျာဉ်ထဲတွင် သေနတ်နှစ်ချက် ပစ်ဖောက်လိုက်သည်။

ဤနည်းဖြင့် နှစ်အချို့သည် တရိပ်ရိပ်နှင့် ကုန်လွန်သွားပြန်လေသည်။ ဆယ်နှစ်သို့ ချဉ်းနင်းဝင်ရောက်ခဲ့လေသည်။ ကိုလွမ်းဝေသည် ဦးသော်ကထံသို့ ဘာသာရေးကျမ်းစာအုပ်ကြီးတစ်အုပ် မှာလေသည်။ ၎င်းစာအုပ်တွင် ခရစ်ယာန်၊ ဗုဒ္ဓဘာသာ၊ မိုဟာမက်၊ ဟိန္ဒူအယူဝါဒဘာသာများအကြောင်း နက်နဲစွာ ရေးထားလေသည်။ ကိုလွမ်းဝေသည် စာအုပ်ပေါင်း အတွဲပေါင်း ခြောက်ရာကျော်ကို လေးနှစ်အတွင်း ဖတ်နိုင်သည်။ ယခု ၎င်း ဘာသာရေးစာအုပ်ကို တစ်နှစ်ပတ်လုံး ဖတ်နေသည်ကို ဦးသော်ကသည် နားမလည်နိုင် ဖြစ်နေလေသည်။ ထို့နောက် သူသည် ဘာသာရေးဖြစ်ပေါ်လာမှု ရာဇဝင်ကျမ်းများနှင့် ဘာသာရေးဟောပြောချက် စာအုပ်များကိုသာ ဖတ်လေတော့သည်။

နှစ်တို့သည် တရိပ်ရိပ်နှင့် လွင့်သွားကြပြန်လေသည်။ နောက်ဆုံး နှစ်နှစ်သာ ကျန်လေတော့သည်။ သူသည် လောကဓာတ်ပညာစာအုပ်များကို မှာယူကာ ဖတ်ပြန်လေသည်။ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရက္ခဗေဒ၊ သဘာဝ ဝိဇ္ဇာပညာကျမ်းများကို အပြင်းအထန်လေ့လာနေလေသည်။

ထို့နောက် သူသည်ကဗျာများကို ဖတ်ပြန်လေသည်။ ရှိတ်စပီးယား၊ ဘိုင်ရွန်၊ မီလတန်၊ ရှယ်လီ၊ ဘရောင်းနင်း၊ တင်နင်ဆန်တို့၏ အဘိဓမ္မာရေးကဗျာများကို ဖတ်သည်။ သူသည် ကျယ်ပြန့်သော စာအုပ်ပင်လယ်ဝယ် မျောပါနေသလို စာအုပ်များကို တစ်ခုပြီးတစ်ခု တွယ်ကာလိုက်နေတတ်သည်။

ဘဏ်သူဌေး ဦးသော်ကသည်ကုန်ခဲ့သည့် တစ်ဆယ့်ငါးနှစ်ခန့်က အတိတ်ကို ပြန်မြင်နေလေသည်။ အတိတ်ကို မေ့ပစ်ချင်လှပါသည်။ သို့သော်လည်း အတိတ်ကိုမေ့၍မရပါတကား။

ယခုသူသည် အသက်လေးဆယ်ရှိလာပြီ။ ကိုလွမ်းဝေသည် အသက်ငါးဆယ်ပင် ပြည့်ရှာပေတော့မည်။ နုနယ်ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံးရှိချေတော့သည်။

ဘဏ်သူဌေး ဦးသော်ကသည် ဖြူရော်သောမျက်နှာဖြင့် ရပ်နေလေသည်။ သူသည် ချောက်ချားတုန်လှုပ်လျက်ရှိနေသည်။ နက်ဖြန် တစ်ဆယ့်နှစ်နာရီ မွန်းတည့်လျှင် တစ်ဆယ့်ငါးနှစ်မြောက်ပေပြီ။ ကတိအတိုင်း ငွေ နှစ်သိန်းကို ကိုလွမ်းဝေလက်သို့ အပ်ရပေတော့မည်။ ရှိသမျှ ချွေး

www.burmeseclassic.com

www.burmeseclassic.com



သာသရွေ့ ကုန်ရတော့မည်။

လွန်ခဲ့သည့် တစ်ဆယ့်ငါးနှစ်ခန့်ကမူ သူသည် သိန်းပေါင်း လေးဆယ်ခန့် ချမ်းသာသည်။ အမွေရခါစ ဘဏ်သူဌေးလေး ဖြစ်သည်။ သို့ရာတွင် သူသည် တစ်စတစ်စ စီးပွားရေး လျော့ကျလာခဲ့လေသည်။ သူ၏ဘဏ်လုပ်ငန်းသည်လည်း တဖြည်းဖြည်း အရှုံးသာ များလာသည်။ အသုံးအစွဲလည်း ရမ်းကားလာခဲ့ရာ ယခုမူ သူ့ကိုယ်ပိုင်မှာ နှစ်သိန်းကျော်ကျော်လေးမျှ ချမ်းသာသော သူဌေးတစ်ဦးမျှသာ ဖြစ်ချေသည်။

အိုစာသော မျက်နှာနှင့် မကြည်သာသော ဦးသော်ကသည် ဝမ်းနည်းဟန်ဖြင့် ကိုလွမ်းဝေအချုပ်ခန်းဆီသို့ ငေးစိုက်ကြည့်နေလေသည်။ စိတ်ပျက်စွာနှင့် ခေါင်းကိုကုတ်ပြီး တအင်အင် ညည်းညူနေလေသည်။

သူသည် ကျိန်စာသင့်သော အလောင်းအစားကို လုပ်ခဲ့မိသည်ဟု ထင်လေသည်။ ကိုလွမ်းဝေသည် ဤကျဉ်းမြောင်းလှသော အခန်းလေးမှ တစ်ဆယ့်ငါးနှစ်ကာလပတ်လုံး အပြင်ထွက်ခွင့်မရဘဲ ရှိလျက်နှင့် ဘာကြောင့်မသေသည်ကို စိတ်ဆိုးနေလေသည်။ သူ့ထံမှနောက်ဆုံးငွေများကို ယူတော့မည်။ စည်းစိမ်ကို လက်လွှဲပေးရတော့မည်ပါတကား။ ဤနည်းမှ လွတ်နိုင်သည့်နည်းကား ကိုလွမ်းဝေ သေမှပင် ဖြစ်သည်။ "ကိုလွမ်းဝေ သေပါစေ" ဟု စိတ်ထဲတွင်ပင်ဆုတောင်းမိလေသည်။ နာရီသည် ဒေါင်ဒေါင်နှင့် သုံးချက်တီးလိုက်သည်။ ဘဏ်သူဌေးသည် နာရီ၏ တချက်ချက်မြည်သံကို နားထောင်နေလေသည်။ အားလုံးတို့သည် အိပ်မောကျလျက် ရှိကြပြီ။ အပြင်ဘက်တွင်ကား နှင်းများသိပ်ထားသော သစ်ပင်များ၏ လှုပ်ရှားသံကိုကြားရလေသည်။ သူသည် ကိုလွမ်းဝေ အခန်းကို ဖွင့်သည့်သော့ကို မီးခံသေတ္တာမှသွား၍ ယူလေသည်။ သော့မှာ တစ်ဆယ့်ငါးနှစ်လုံးလုံး အသုံးမပြုသဖြင့် မည်း၍ သံချေးများပင် တက်နေသည်။

သူသည် အိမ်ထဲမှ အပြင်သို့ ထွက်လာလေသည်။ လေသည် တဟူးဟူးတိုက်လျက် ရှိလေသည်။ ညဥ့်ငှက်တို့သည် ည၏တေးကိုသီဆိုလျက်ပင် ရှိကြသေးသည်။ ဥယျာဉ်သည် မှောင်လျက်ရှိကာ အေးမြနေလေသည်။ မိုးသည် တစိမ့်စိမ့်ရွာလာလေသည်။ စိုစွတ်၍ စူးရှအေးမြသောလေသည် ဥယျာဉ်ထဲတွင် အော်မြည်နေသည်။ သစ်ပင်များသည် လေအရှိန်ကြောင့် တဖျပ်ဖျပ် လှုပ်ရှားနေကြတော့သည်။

ဦးသော်ကသည် သူ့မျက်စိကို ကြိုးစား၍ ကြည့်သော်လည်း ဘာကိုမျှ မမြင်ရချေ။ သူသည် တရှီးရှီးနှင့် တိုက်ခတ်လျက်ရှိသော သစ်ပင်များကိုလည်း မမြင်၊ မြေကြီးကိုပင် မမြင်မိချေ။ ဥယျာဉ်ထဲတွင် သူ့ဘိုးဘွားများ စိုက်ထူထားခဲ့သည့် ဖြူဖွေးသည့်ကျောက်ရုပ်ကိုပင် မမြင်နိုင်ချေ။ သူသည် ကိုလွမ်းဝေနေထိုင်သည့် အကျဉ်းခန်းသို့ကပ်ကာ အစောင့်ကို နှစ်ကြိမ်တိုင်တိုင် ခေါ်လေသည်။ သို့ရာတွင် ထူးသံကားမကြားရ။ အစောင့်သည် ရာသီဥတုကြောင့် တစ်နေရာရာတွင် သွားအိပ်နေမည်ဟု သူတွေးလေသည်။

ယခုနေသာ ကိုလွမ်းဝေ တစ်နည်းနည်းဖြင့် သေစေအောင်ပြုလုပ်နိုင်ခဲ့လျှင် အစောင့်အပေါ် တာဝန်ကျရမည်ဟု သူထင်လေသည်။ လောကကြီးကလည်း အမှောင်ထဲတွင် အိပ်ပျော်နေသည်။ မှောင်ထဲတွင် သူသည် ကြိုးစား၍ စမ်းကာစမ်းကာ သွားလေသည်။ ကိုလွမ်းဝေကို ပိတ်လှောင်ထားသော အခန်းမှာ ဥယျာဉ်တစ်ဖက်အစွန်တွင် ရှိရာ သူသည် တဖြည်းဖြည်း အခန်းတံခါးဆီသို့ တိုး၍ တိုး၍ သွားလေသည်။ ဦးသော်ကသည် မီးခြစ်ကာ ကြည့်သည်။ အခန်းသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ တံခါးသော့ခလောက်သည်လည်း နေရာမပျက် ခတ်ထားလျက်ရှိသည်။

အရာရာသည် ဆိတ်ငြိမ်လှတော့သည်။ ငြိမ်သက်ခြင်းသည် အမှောင်နှင့်ရောကာ စိတ်အားငယ်စေလောက်အောင် ဖြစ်နေပေသည်။ သူသည် ပြတင်းပေါက်ငယ်ဝမှ ကိုလွမ်းဝေကို ချောင်း၍ကြည့်လေသည်။ ဖယောင်းတိုင်တစ်တိုင်သည် ဖျော့တော့စွာ ထွန်းညှိထားသည်။ ကိုလွမ်းဝေသည် ပြတင်းပေါက်ကို နောက်ကျောပေးကာ စားပွဲရှေ့တွင် ထိုင်နေသည်။ သူသည် ကိုလွမ်းဝေ၏ ကျောနှင့်ဆံပင်ကို မြင်ရလေသည်။ သူသည် မလှုပ်မယှက် ထိုင်နေသည်။ စားပွဲပေါ်တွင် စာအုပ်များသည် ဖွင့်လျက်တချို့၊ပိတ်လျက်တချို့ ပြန့်ကြဲနေကြလေသည်။

သူသည် ဆယ်မိနစ်ခန့် ရပ်၍ ငေးခါကြည့်နေလေသည်။ ကိုလွမ်းဝေသည် အသက်မရှိသည့် ကျောက်ရုပ်လို မလှုပ်မယှက်ပင်။ မရွေ့လျား တစ်ဆယ့်ငါးနှစ်ကာလပတ်လုံး နေခဲ့ရ၍ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် နေတတ်

www.burmeseclassic.com

www.burmeseclassic.com



သလားမပြောတတ်။

ဦးသော်ကသည် ပြတင်းပေါက်ကို သူ၏လက်ဝါးနှင့် အသာပုတ်လေသည်။ သို့ရာတွင် ကိုလွမ်းဝေသည် မလှုပ်ရှား။ သူသည် ထပ်၍ပုတ်လေသည်။ သို့ရာတွင် ကြားပုံပင်မရ။

သူသည် တံခါးဆီသို့သွားကာ သော့ခလောက်ကို စမ်းလေသည်။ ထို့နောက် သော့ကိုထုတ်ကာ ဖွင့်လေသည်။ သော့မှာ သံချေးတက်နေရာ သော့လှည့်၍ ဖွင့်သံမှာ ကျယ်လောင်လှပေသည်။ သူသည် လန့်၍ပင် ရပ်သွားမိသည်။ သို့ရာတွင် အခန်းထဲမှ ဘာသံမျှမကြားရ။ ဆိတ်ငြိမ်လှတော့သည်။ သူသည် သုံးမိနစ်ခန့်ရပ်၍ နားထောင်နေလေသည်။ ထို့နောက် အခန်းတွင်းသို့ဝင်ရန် ဆုံးဖြတ်လိုက်မိသည်။

သူသည် သော့ကိုဖွင့်ကာ အခန်းတံခါးကို တွန်း၍ ဝင်လိုက်လေသည်။ အခန်းတွင်းကား ငြိမ်သက်လှချေသည်။

စားပွဲရှေ့တွင် လှုပ်ပင်မပီသတော့သော ကိုလွမ်းဝေသည် ထိုင်နေလေသည်။ အရေတို့သည် ရှုံ့တွ၍ တွန့်နေလေပြီ။ ကမ္ဘာဦးအရိုးစုမျှသာ ရှိတော့သည်။ မိန်းမဆံပင်ကဲ့သို့ သူ၏ဆံပင်များသည် ရှည်လျားစွာ ရှိလှသည်။ မုတ်ဆိတ်မွေးများကလည်း ထူထပ်လှပြီ။

မြေဆီကဲ့သို့ ခပ်မှိုင်းမှိုင်း ခပ်ဝါဝါနှင့် သူ၏မျက်နှာမှာ ဖြူရော်လျက်ရှိသည်။ သူ၏ပါးခွက်များသည် ချိုင့်ဝင်လျက်ရှိသည်။ မေးရိုးများသည် ငေါထွက်ကာ ပေါ်နေကြသည်။ သူ့ခေါင်းကိုထူထားသော လက်များသည် အရေများရှုံ့တွကာ လျော့ရဲရဲ ရှိနေလေသည်။ ကြည့်ရသည်မှာ စိတ်နှလုံးထိခိုက်စရာပင် ဖြစ်တော့သည်။ ဆံပင်များသည် ငွေဘော်ရောင်ကဲ့သို့ ဖြူဖွေးလျက်ရှိလေပြီ။ ယခုကဲ့သို့ ကိုလွမ်းဝေ၏ ရုပ်ကောင်ကို ကြည့်ရခြင်းအားဖြင့် မည်သူကမှ အသက်ငါးဆယ်ခန့်ဟု ခန့်မှန်းနိုင်ကြမည် မဟုတ်ပေ။

သူ ခေါင်းငိုက်စိုက်ချလျက်ရှိသော စားပွဲပေါ်တွင် စာရွက်အချို့သည် ပြန့်လျက်ရှိလေသည်။ စာရွက်ပေါ်တွင် သူ၏ သေးငယ်သော လက်များနှင့် ရေးထားသည့် စာများ ရှိသည်ကို တွေ့ရသည်။

ဦးသော်ကသည် ငေးကာကြည့်နေလေသည်။ သူ့စိတ်တွင် ကိုလွမ်းဝေသည် အိပ်ပျော်လျက်ရှိသည်ဟုပင် ထင်နေလေသည်။ ငွေ နှစ်သိန်းကို အိပ်မက်မက်ပြီး သည်ကောင်အိပ်ပျော်နေတာပဲဟု သူက တွေးလေသည်။ ယခုနေ ကိုလွမ်းဝေကို ခေါင်းအုံးနှင့် သတ်လိုက်လျှင် ဘာမျှ သဲလွန်စမပေါ်နိုင်ဟုလည်း တွေးလေသည်။

သူသည် ကိုလွမ်းဝေကို မသတ်ခင် စာဖတ်ရန် စာရွက်ကို လှမ်းယူကာ ဖတ်လေသည်။

"ကျွန်ုပ်သည် ကျွန်ုပ်၏လွတ်လပ်ရေးကို ရရန်နီးကပ်လာပေပြီ။ လူများနှင့် တွေ့ခွင့်လည်း ရတော့မည်။ သို့ရာတွင် ဤအခန်းမှ ကျွန်ုပ်မထွက်ခွာမီ နေကိုမကြည့်ရခင် အနည်းငယ် မှာလိုသည်။

"ကျွန်ုပ်၏သန့်ရှင်းသော စိတ်ထားနှင့် ဘုရားကို တိုင်တည်အပ်ပါသည်။ ကျွန်ုပ်သည် လွတ်လပ်ရေးကိုလည်းကောင်း၊ ဘဝသံသရာကိုလည်းကောင်း ငြီးငွေ့မိသည်။ သင်တို့စာအုပ်များက ညွှန်ပြသော လောက၏ ပျော်ရွှင်ရိပ်ငြိမ်မှုများကိုလည်း ရှုံရှာခဲ့လေသည်။ လွတ်လပ်ရေးဆိုသည်မှာလည်း ဘဝသံသရာတွင် တဝဲလည်လည် ကျင်လည်စုန်ဆန်နေရဦးမည်။ သံသရာ၏အကျဉ်းသမားဘဝပင် ဖြစ်မည်ကို ကျွန်ုပ် သိပါပြီ။ တစ်ဆယ့်ငါးနှစ်ကာလပတ်လုံး ကျွန်ုပ်သည် လောကဘဝသံသရာကို ကြိုးစား၍ ဆင်ခြင် သုံးသပ်ခဲ့ပါသည်။ အမှန်အတိုင်း ဘဝကိုလည်းကောင်း၊ လူများကိုလည်းကောင်း မတွေ့ရှိခဲ့ပါ။ ကျွန်ုပ်သည် အရက်သောက်သည်။ တေးသီဆိုမိသည်။ ဂီတနှင့်လည်း ယစ်မူးသည်။ နောက် တောအုပ်ထဲ၌ သမင်များနှင့် သားရဲတိရစ္ဆာန်များကိုလည်း တောလိုက်ခဲ့သည်။ မိန်းမများကို စိတ်ကူးယဉ်မိသည်။ ဤကား သင်၏စာအုပ်များကို ဖတ်ရင်းခံစားရချက်များ ဖြစ်ပါပေသည်။

"စာအုပ်ထဲမှ ကဗျာဆရာများ၏ထူးချွန်သောကဗျာဉာဏ် ပဥ္စလက်ဉာဏ်အတတ်ဖြင့် ချောမောသော သူဇာနှယ် မိန်းမပျိုအလှတို့သည် နေ့ညကျွန်ုပ်ထံသို့ လာ၍ လည်ပတ်ကြပါသည်။ သူတို့သည် အံ့သြစရာကောင်းသော ဝတ္ထုများကို ကျွန်ုပ်အား ပြောပြကြသေးသည်။ ကျွန်ုပ်၏ခေါင်းသည် ယစ်မူးလျက်ရှိတော့သည်။ သင်၏ စာအုပ်များကို ခံစားရင်း ကျွန်ုပ်သည် မဟာမြင်းမိုရ်တောင်သို့လည်းကောင်း၊ ဟိမဝန္တာ တောင်ထိပ်သို့လည်းကောင်း ရောက်သွားတတ်သည်။ ဤတောင်ထွတ်များမှ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



သည် နံနက်တွင် နေ ဘယ်လိုထွက်လာသည်ကို မြင်ရသည်။ ဆည်းဆာတွင် နေ ဘယ်အရပ်သို့ ရွေ့လျားထွက်ခွာသွားသည်ကို ကြည့်နိုင်သည်။ မဟာသမုဒ္ဒရာနှင့်တောင်များသည် ရွှေရောင်ဖြင့် တပြောင်ပြောင် တောင်လျက်ရှိကြတော့သည်။

ဤတောင်ထွတ်များဝယ် ကျွန်ုပ်ရပ်နေစဉ် ကျွန်ုပ်အထက်မှ တိမ်တိုက်မှ ခွဲထွက်ပေါ်လာသော လျှပ်စီးများ၊ ပြိုးပြက်စွာ လက်သည်ကိုလည်း မြင်ရသည်။ စိမ်းလန်းသော တောအုပ်များ၊ လယ်ကွင်းများ၊ မြစ်ပြင်များ၊ ရေကန်များ၊ မြို့ပြများ၊ ပြည်ရွာများသည် မှိုင်းမှုန်စွာ ရှိကြပေသည်။

"ဖမ်းစားတတ်သော တောစောင့်နတ်သမီးသည် ကဗျာကို ကာရန်ကြူးရင့်လျက် ရှိလေသည်။ နတ်စောင်းညှိသံကိုလည်း ကြားရသည်ဟု ထင်မိသည်။ တမလွန်သေရွာသို့ ကျွန်ုပ်အား ခေါ်ရန်လာသော လှပသည့် နတ်မိမယ်၏ အတောင်ကို ကျွန်ုပ်သည် ကိုင်လျက်ရှိနေသည်။

"စာအုပ်များကို ဖတ်ရင်း ခံစားမှုစေတသိက်တို့သည် ပြည့်ဝခဲ့ပေပြီ။ ကျွန်ုပ်သည် စာပေကိုဖတ်၍ ယစ်မူးလျက်အံ့သြစရာကောင်းလောက်အောင် ခံစားခဲ့ပါသည်။ မြို့ပြများကို မီးရှို့ပစ်လိုက်သည်။ လွင်တီးခေါင်သက်သက်မျှ ဖြစ်သွားသည်။ ကျွန်ုပ်သည် တရားသစ်တစ်ရပ်ကို ကြူးရင့်ပြီး အတိုင်းတိုင်းအပြည်ပြည်ကို အောင်လေပြီဟု ထင်မိပေသည်။ သင်၏စာအုပ်များသည် ကျွန်ုပ်အား ပညာမပေးခဲ့ပါ။

"ဤနှစ်ပေါင်း ရာစုပေါင်းများတွင် ပေါ်ပေါက်ခဲ့သော လူများ၏ မကုန်ခန်းနိုင်သော အတွေးများသည် ကျွန်ုပ်၏ ဦးနှောက်ဝယ် သေးငယ်လှသော အစိုင်အခဲမျှသာ ရှိပါသည်။ ကျွန်ုပ်၏ဉာဏ်ပညာသည် သည်လူအားလုံးတို့၏ ဉာဏ်ပညာမှုထက် သာလွန်သည်ဟု ထင်ပါသည်။

"စာအုပ်များကို ငြီးငွေ့မိပါသည်။ ဒါတွင်မကသေး လောက၏ ပျော်ရွှင်မှုများနှင့် လောကဆိုင်ရာ ပညာများကိုလည်း ရွံရှာခဲ့ပေသည်။

"လောကသည် အနှစ်သာရမရှိ။ အမှားမှားအယွင်းယွင်းများသာ ဖြစ်ပေသည်။ တပြောင်ပြောင် လက်နေသည့် အရိပ်အရောင်တံလျှပ်မျှသာ ဖြစ်၍၊ လိမ်လည်လှည့်ဖြားခြင်းသဏ္ဍာန် ရှိပေသည်။

"သင်လူသားတို့သည် လှပကြသည်။ ဉာဏ်ပညာရှိသည်။ သို့အတွက် သင်လူသားတို့သည် မာန်တက်ကြပါလိမ့်မည်။ သို့ရာတွင် မရဏတရားသည် သမုဒ္ဒရာထက်ခဏတက်သည့် ရေပွက်ပမာ သင်လောကကြီးတွင် နေထိုင်၍ မကြာမြင့်မီ ကမ္ဘာမြေပြင်မှ သင့်အားနှင်ထုတ်ပေလိမ့်မည်။ သင်၏ အဆက်အနွယ်များ၊ ရာဇဝင်များနှင့် မနုဿလူသားတို့၏ ထာဝစဉ်တည်မြဲအံ့သော အတတ်ဉာဏ်ပညာများသည် ဤရုပ်ကမ္ဘာကြီးနှင့်အတူ လောင်ကျွမ်းပျက်စီး၍ ပျောက်ကွယ်ရမည်သာတည်း။

"လူတို့သည် ရူးသွပ်နေကြ၍ လမ်းမှားကိုလိုက်ခဲ့ကြလေပြီ။ သင်တို့သည် အမှန်တရားအစား မှားယွင်းသော အယူကိုယူခဲ့ကြသည်။ လှပမှုအစား အကျည်းတန်မှုသာ ရခဲ့ပေသည်။ သင်တို့သည် လိမ္မော်သီးနှင့် ပန်းသီးသီးသော သစ်ပင်မှ ကျောက်သံပတ္တမြား သီးပွင့်ခဲ့လျှင်၊ နှင်းဆီပန်းများသည် ပဒိုင်းအငွေ့အသက်ကို ရလျှင် သင်တို့အံ့သြတတ်ကြပေသည်။

"အမတကောင်းကင်ဘုံနှင့်ငရဲကို လွဲမှားယူနေသည့် သင်တို့အားလည်း ထို့အတူ ငါအံ့သြလှသည်။ ငါသည် သင်တို့အား နားမလည်လိုပါ။ သင်တို့၏ ဘုံအနှမ်းကိုလည်း ငါသည် ယုံတမ်းမျှပင် ထင်မိပါသည်။ သင်လူသားတို့၏ဘဝကို တကယ်ရွံရှာမုန်းတီးကြောင်း လက်တွေ့ပြရန် ကျွန်ုပ်က တစ်ခါကရွှေဘုံကြီးပမာ အိပ်မက်မက်ခဲ့သော ငွေအသပြာ နှစ်သိန်းကို စွန့်လွှတ်၍ ရွံ့ရှာခြင်းလည်း ရှိလာသည်။ ဤငွေအသပြာ နှစ်သိန်းကို ရယူခွင့်မှ ပယ်ဖျက်ရန် ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ် ဖျက်သိမ်းလိုက်ပေပြီ။ ကျွန်ုပ်သည် ဤဘဝသံသရာမှ ထွက်ခွာရပါတော့အံ့။ ဤနည်းဖြင့် အလောင်းအစားသည် ပျက်ပြားရပေလိမ့်မည်။ ကျွန်ုပ်သည် ဤလူ့ဘုံစခန်းမှ ထွက်ခွာရတော့မည်။ လက်များသည် ထုံကျဉ်ကိုက်ခဲလျက်ရှိသည်။ ကျွန်ုပ် အောက်ပိုင်းမှာ သွေးမလျှောက်တော့ဟုပင် ထင်မိသည်။ ကျွန်ုပ်ခေါင်းမှာလည်း မူးလျက်ရှိချေသည်။ မရဏတရားသည် ကျွန်ုပ်အားခေါ်ဆောင်ရန် စောင့်နေပေပြီ။ လောကသားအားလုံးအား နှုတ်ဆက်ရန်သာ ရှိတော့သည်"

နောက်ဆုံး၌ လက်ရေးများသည် မညီမညွတ်နှင့် အနိုင်နိုင်အားယူကာ ရေးရဟန်တူလေသည်။ တချို့နေရာ၌ လက်ရေးသည် မပီသဘဲ ဖတ်မရအောင် ဖြစ်နေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် စာဖတ်ပြီးလျှင် ကိုလွမ်းဝေကို ငေးစိုက်ကာ ကြည့်နေလေသည်။ ထို့နောက် သူသည် အသိရခက်ခဲလှသော ကိုလွမ်းဝေ၏ခေါင်းကို နမ်းရှုပ်ပြီးလျှင် မျက်ရည်များ တတွေတွေ စီးကျလာလေသည်။

ဦးသော်ကသည် အခန်းမှ ထွက်ခွာခဲ့လေသည်။ သူ့ကိုယ်သူ ဘယ်အခါကမျှ ဤအကြိမ်လောက် ရှုံးရှာခဲ့ဖူးသည်မရှိခဲ့သေးချေ။ သူသည် အိမ်သို့ပြန်လာပြီး အိပ်ရာပေါ်တွင် ပစ်လှဲလိုက်လေသည်။ မျက်လုံးများကြောင်နေကာ မျက်ရည်များတစိမ့်စိမ့် သူ့ပါးပြင်ပေါ် စီးလာလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ တံခါးစောင့်သည် သူ့ဆီသို့လာ၍ ကိုလွမ်းဝေသည် အခန်းထဲတွင် အားပြတ်၍ သေနေပြီဖြစ်ကြောင်း ပြောပြလာသည်။

ဦးသော်ကသည် အားလုံး မိတ်ဆွေများနှင့်အတူ ကိုလွမ်းဝေအလောင်းကို သင်္ဂြိုဟ်လိုက်လေသည်။

ကိုလွမ်းဝေ၏ အုတ်ဂူဖြူဖြူလေးကား သူ၏ဥယျာဉ်ထဲတွင် ငြိမ်သက်စွာ လဲလျောင်းနေလေသည်။ သူသည် ကိုလွမ်းဝေ၏ အုတ်ဂူကို ဝမ်းနည်းဟန်ဖြင့် ငေးကာစိုက်ကြည့်နေလေသည်။ ထို့နောက်ကား တမလွန် ဘဝတစ်ပါးသို့ ခရီးထွက်သွားရှာသည့် သနားစရာကောင်းသော ကိုလွမ်းဝေ၏ဗိမာန် အုတ်ဂူလေးကို 'သံသရာဘေး'ဟူ၍ ကမ္ပည်းထိုးထားလိုက်လေသည်။

❖

အတွဲ–၃၊ အမှတ်–၃၄၊ ၁၉၅၀၊ မတ်၊
ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com